သုတ္တနိပါတ်ပါဠိတော်

# ၆-ပရာဘဝသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်-အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ နတ်သားတစ်ယောက်သည် ညဉ့်ဦးယံ လွန်ပြီးသော သန်းခေါင်ယံအခါ၌ အလွန်နှစ်လိုဖွယ် ကောင်းသော အဆင်းရှိသည်ဖြစ်၍ ဇေတဝန်တစ်ကျောင်းလုံးကို ထွန်းလင်းစေလျက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင်မြတ်စွာဘုရားကို ရှိခိုးကာ တစ်ခုသောနေရာ၌ ရပ်တည်ပြီး သော် မြတ်စွာဘုရားအား ဤဂါထာဖြင့်လျှောက်၏-

၉၁။ "အသျှင်ဂေါတမ ပျက်စီးဆုတ်ယုတ်နေသော ယောကျာ်းအကြောင်းကို အကျွန်ုပ်တို့မေး လျှောက်ပါကုန်၏။ အသျှင်ဘုရားကို မေးလျှောက်ရန် လာကြပါကုန်၏။ ပျက်စီးဆုတ်ယုတ် ကြောင်းကား အဘယ်ပါနည်း။ (၁)

၉၂။ ကြီးပွါးသူကိုလည်း သိရန် လွယ်ကူလှပေ၏။ ပျက်စီးဆုတ်ယုတ်သူကိုလည်း သိရန်လွယ်ကူ လှပေ၏။ တရားကို လိုလားတောင့်တသူသည် ကြီးပွါးရ၏။ တရားကို မလိုလား မတောင့်တ မုန်းထားသူသည် ပျက်စီးရ၏။ (၂)

၉၃။ ထိုအကြောင်းသည် ပဌမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါ ကုန်၏။ မြတ်စွာဘုရား ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကို ့ဟောတော်မူပါ၊ ဒုတိယ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၃)

၉၄။ ထိုသူသည် သူတော်မဟုတ် သူယုတ်မာတို့ကို ချစ်ခင်မြတ်နိုး၏။ သူတော် ကောင်းတို့ကို ချစ်ခင်မြတ်နိုးမှု မပြု၊ သူယုတ်မာတို့၏ တရားကို နှစ်သက်မြတ်နိုး၏။ ထိုသုံးမျိုးသည်ပျက်စီး ဆုတ်ယုတ်ကြောင်းပေတည်း။ (၄)

၉၅။ ထိုအကြောင်းသည် ဒုတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါ ကုန်၏။ မြတ်စွာဘုရား တတိယ ဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ တတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၅)

၉၆။ အကြင်သူသည် အိပ်စက်ငိုက်မျဉ်းလေ့ရှိ၏။ အပေါင်းအဖော်၌ မွေ့လျော် လေ့ စကားပြော မှု၌ မွေ့လျော်လေ့ရှိ၏။ နိုးကြားထကြွမှုမရှိ ပျင်းရိ၏။ လျင်စွာ အမျက်ထွက်လေ့ရှိ၏။ ထို သူ၏ထိုအကြောင်းငါးမျိုးသည် ပျက်စီးဆုတ်ယုတ် ကြောင်းပေတည်း။ (၆)

၉၇။ ထိုအကြောင်းသည် တတိယဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၇)

၉၈။ အကြင်သူသည် အိုမင်း၍ ပစ္ဆိမအရွယ်သို့ ရောက်ပြီးသော အမိကိုလည်းကောင်း၊ အဖကိုလည်းကောင်း ကျွေးမွေးပြုစုနိုင်စွမ်းသူ ဖြစ်ပါလျက် မကျွေးမွေး မပြုစုပေ၊ ထိုသူ၏ မကျွေးမွေးမပြုစုခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၈)

၉၉။ ထိုအကြောင်းသည် စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား ပဥ္စမဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ ပဥ္စမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၉)

၁၀၀။ အကြင်သူသည် ဗြာဟ္မဏကိုလည်းကောင်း၊ သမဏကိုလည်းကောင်း၊ ထိုမှတစ်ပါးသော ဖုန်းတောင်းယာစကာကိုလည်းကောင်း ပစ္စည်းလေးပါးဖြင့် ဖိတ် ကြားပြီးဖြစ်လျက် မုသားပြောဆိုခြင်းဖြင့်လှည့်ပတ်၏။ ထိုသူ၏ ထိုလှည့်ပတ်ခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၀)

၁၀၁။ ထိုအကြောင်းသည် ပဥ္စမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား ဆဋ္ဌ ဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ ဆဋ္ဌဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၁)

၁၀၂။ အကြင်သူသည် များသော စည်းစိမ်ရှိသူ အသပြာရှိသူ စားဖွယ်နှင့် ပြည့်စုံသူ ဖြစ်ပါလျက် ကောင်းမြတ်သော ဘောဇဉ်တို့ကို တစ်ယောက်တည်း စားသုံး၏။ ထိုသူ၏ ထိုစားသုံးခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၂)

၁၀၃။ ထိုအကြောင်းသည် ဆဋ္ဌ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၃)

၁၀၄။ အကြင်သူသည် အမျိုး 'ဇာတိ' မာန် ခက်ထန်၏။ ဥစ္စာ 'ဓန' မာန်ခက် ထန်၏။ အနွယ် 'ဂေါတ္တ' မာန်ခက်ထန်၏။ မိမိဆွေမျိုးကိုလည်း မထီမဲ့မြင် ပြု၏။ ထိုသူ၏ထိုအကြောင်းလေးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၄)

၁၀၅။ ထိုအကြောင်းသည် သတ္တမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါကုန်၏။ မြတ်စွာဘုရား အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၅)

၁၀၆။ အကြင်သူသည် မိန်းမကြူး သေသောက်ကြူး လောင်းကစားကြူးသည်ဖြစ်၍ ရတိုင်းရ တိုင်းသော ဥစ္စာကို ဖျက်ဆီး၏။ ထိုသူ၏ ထိုအကြောင်းသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်း တည်း။ (၁၆)

၁၀၇။ ထိုအကြောင်းသည် အဋ္ဌမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါ ကုန်၏။ မြတ်စွာဘုရား နဝမဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ နဝမဖြစ် သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၇)

၁၀၈။ အကြင်သူသည် မိမိမယားဖြင့် မရောင့်ရဲဘဲ ပြည့်တန်ဆာမတို့၌ ပြစ်မှား၏။ သူတစ်ပါး မယားတို့၌ ပြစ်မှား၏။ ထိုသူ၏ ထိုအကြောင်းနှစ်မျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။ (၁၈)

၁၀၉။ ထိုအကြောင်းသည် နဝမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါ ကုန်၏။ မြတ်စွာဘုရား ဒသမဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ ဒသမ ဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၁၉)

၁၁၀။ အရွယ်လွန်ပြီးသော ယောကျာ်းသည် တည်သီးသဖွယ် ငယ်သော သား မြတ်ရှိသော မိန်းမ ငယ်ကို သိမ်းမြန်းဆောင်ယူ အိမ်သူ ပြုလုပ်၏။ ထိုမိန်းမငယ်အား (ယောကျာ်းတစ်ပါးအတွက်) စိတ်မချရသောကြောင့် မအိပ်နိုင်၊ ထိုမအိပ်နိုင်ခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတည်း။ (၂၀)

၁၁၁။ ထိုအကြောင်းသည် ဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့ သိရပါ ကုန်၏။ မြတ်စွာဘုရား ဧကာဒသမဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ ဧကာဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၂၁)

၁၁၂။ အကြင်သူသည် ငါး အမဲစသော အစားအစာတို့၌ မက်မောသော သဘောရှိသော (ဥစ္စာကို) စည်းကမ်းမဲ့ ဖရိုဖရဲပြုတတ်သော မိန်းမကိုသော်လည်းကောင်း ထိုသို့ သဘောရှိသော ယောကျာ်း ကိုသော်လည်းကောင်း အိမ်ထောင်ထိန်း အရာ၌ ထား၏။ ထိုသူ၏ ထိုအကြောင်းသည်ပျက်စီး ဆုတ်ယုတ်ကြောင်းတည်း။ (၂၂)

၁၁၃။ ထိုအကြောင်းသည် ဧကာဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းဟု အကျွန်ုပ်တို့သိရ ပါကုန်၏။ မြတ်စွာဘုရား ဒွါဒသမဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောတော်မူပါ၊ ဒွါဒသမဖြစ်သော ပျက်စီးဆုတ်ယုတ်ကြောင်းကား အဘယ်ပါနည်း။ (၂၃)

၁၁၄။ အကြင်သူသည် ဥစ္စာနည်း၍ စည်းစိမ်ဥစ္စာတို့၌ တပ်မက်မှု ကြီးမား၏။ မင်းမျိုး၌လည်း ဖြစ်၏။ ထိုသူသည်ကား မင်းအဖြစ်ကို တောင့်တ၏။ ထိုသူ၏ ထို အကြောင်းသည်ပျက်စီး ဆုတ်ယုတ်ကြောင်းတည်း။ (၂၄)

၁၁၅။ လောကဥ္စ ဖြုစင် ကောင်းမြတ်၍ ဉာဏ်အမြင်နှင့်ပြည့်စုံသော ပညာရှိသည်ဤပျက်စီး ဆုတ်ယုတ်ကြောင်းတို့ကို ကောင်းစွာ ကြည့်ရှုဆင်ခြင်၍ ရှောင်ရှားနိုင်သောကြောင့် ချမ်းမြေ့ အေးမြသော နတ်ပြည် လောကသို့ ချဉ်းကပ်ရ၏''ဟု (မိန့်တော်မူ၏)။ (၂၅)

ခြောက်ခုမြောက် ပရာဘဝသုတ် ပြီး၏။